# တၢ်တီတၢ်တြၢ်

Just | တရားမျှတမှု

## ဥပဒေသတင်းစာစောင်

အမှတ်စဉ် (၃) ဒီဇင်ဘာလ၊၂၀၂၂


## မာတိကာ


■ လူထုအသံ

ဒေသအခြေအနေနှင့် လူထုမှတွေ့ကြုံနေရသော တရားရေးဆိုင်ရာ စိန်ခေါ်မှုများ

■ ဆောင်းပါး

အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ပပျောက်ရေး (သို့မဟုတ်) ချိုးဖျက်ရမည့် မျက်နှာကျက်များ

■ ကဗျာ

ဆန္ဒ (အယ်နော)

■ သိမှတ်ဖွယ်ရာများ

အမျိုးသမီးများအားအကြမ်းဖက်မှုမှ ကာကွယ်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များ

■ ရှုမြင်သုံးသပ်ချက်များ

အမျိုးသမီးတရားမျှတမှုနှင့်ခေါင်းဆောင်မှုဆိုင်ရာ သုံးသပ်အကြံပြုချက်

■ လုပ်ဆောင်ချက်များ

■ လှုပ်ရှားမှု ရုပ်ပုံများ



ဆက်သွယ်ရန် - အယ်ဒီတာ, klacHQ@karenlac.org


## ဒေသအခြေအနေနှင့် လူထုမှတွေ့ကြုံနေရသော တရားရေးဆိုင်ရာ စိန်ခေါ်မှုများ



ပဋိပက္ခကာလတွင် သာမက သာမန်အချိန်ကာလတွင်လည်း အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းသည် ပုံစံမျိုးစုံဖြင့် ဖြစ်ပွားလျက်ရှိသည်။ အထူးသဖြင့် ကိုဗစ်-၁၉ ကာလတွင် အိမ်တွင်းအကြမ်းဖက်မှုများနှင့် အိမ်ထောင်ရေးဖောက်ပြန်မှုများမှာ မြင့်တက်လာသည်။ ကော်သူးလေရှိ ခရိုင်များထဲမှ ခရိုင်(၃)ခုတွင် နေထိုင်သော အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းနှင့် ပတ်သက်ပြီး ဒေသတွင်း အခြေအနေကို ဖော်ပြလိုပါသည်။ အမျိုးသမီးများ ကျူးလွန်ခံရသော အမှုအမျိုးအစားများ၊ ကျူးလွန်သူနှင့် ပတ်သက်မှု၊ တရားမျှတမှုကို ရှာဖွေမှု အခြေအနေများ စသည့် လူထုအသံများမှာ အောက်ပါအတိုင်းဖြစ်သည်။

## မူတြော်ခရိုင်

ခရိုင်အတွင်း အမျိုးသမီးကျူးလွန်ခြင်းခံရသော အများဆုံးသောပြစ်မှုမှာ လင်ခိုး/မယားခိုးမှု (အိမ်ထောင်ရေးဖောက်ပြန်မှု) တို့ ဖြစ်သည်။ အခြားသောအမှုများဖြစ်သည့် အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် အဓမ္မပြုကျင့်သည့်အမှုများလည်း ဖြစ်ပွားလျက်ရှိသည်။ အမှုများကို မိသားစုဝင်နှင့် ဆွေမျိုးများမှ အများဆုံး ကျူးလွန်ခြင်း ဖြစ်သည်။ အမျိုးသမီးနှင့်သက်ဆိုင်သည့် အမှုအခင်းအားလုံးနီးပါးကို တိုင်ကြားတင်ပြကြပြီး ပုံစံအမျိုးမျိုးဖြင့် ဖြေရှင်းနေကြသည်ကိုတွေ့ရှိရသည်။ ဥပမာ လင်ခိုး/မယားခိုးကဲ့သို့သော အမှုများတွင် အချို့သောဒေသများသည် ၎င်းတို့ဒေသ၏ ဓလေ့ထုံးတမ်းစီရင်မှုဖြင့် စီရင်ကြပြီး ကျူးလွန်သူသာမက ကျူးလွန်ခံရသူအား ကျေးရွာမှနှင်ထုတ်ခြင်းများလည်းရှိသည်။ အမှုကိုတိုင်ကြားစေရန် မိသားစုဝင်များမှတွန်းအားပေးပြီး အခြားသောအဖွဲ့အစည်းများဖြစ်သည့် KWO၊ KYO၊ CLV များမှလည်း ကူညီပံ့ပိုးပေးလျက်ရှိသည်။ အချို့သောအမှုများမှာ ငွေရေးကြေးရေး (သွားလာစရိတ်)မတတ်နိုင်ခြင်း၊ လုံခြုံရေး (တရားခံမှ ပြန်လည်တိုက်ခိုက်မည်ကို)ကို စိတ်ပူပန်ရခြင်း၊ အရှက်သိက္ခာငဲ့ကွက်ခြင်း၊ ဆောင်ရွက်ရမည့်နည်းလမ်းကိုမသိခြင်းနှင့် ဥပဒေအသိအားနည်းခြင်းတို့ကြောင့် အမှုအခင်းများကိုတိုင်တန်းရန်အတွက် အတားအဆီးဖြစ်စေသည်။ ကျူးလွန်ခြင်းခံရသည့်အမျိုးသမီးများအား အမှုဖြစ်စဉ်တစ်လျှောက်လုံး KYO၊ KWO၊ CLVနှင့် ကျန်းမာရေးဌာနတို့မှ လိုက်ပါကူညီပေးလျက်ရှိသည်။ ဒေသတွင်းရှိ အမှုအခင်းများမှ တရားမျှတမှုလက်လှမ်းမီစေရန်အတွက် ဥပဒေသင်တန်းများတိုးမြင့်လုပ်ဆောင်ရန်လိုအပ်ပါသည်။ KYO နှင့် CLV အတူတကွလက်တွဲပြီး အမျိုးသမီးနှင့်ကလေးသူငယ်များအား ကာကွယ်ပေးသည့် ဥပဒေအကြောင်းကို လူထုအားသင်တန်းပို့ချပေးရန် လိုအပ်သည်။

## ဒူးပလာယာခရိုင်

ခရိုင်အတွင်း အမှုဖြစ်ပွားမှု အများဆုံးမှာ မုဒိမ်းမှုဖြစ်ပြီး ကျူးလွန်သူအများစုမှာ မိသားစုဝင်များဖြစ်ကြသည်။ အမှုဖြစ်ပွားမှုဒုတိယအများဆုံးမှာ အိမ်တွင်းအကြမ်းဖက်မှုဖြစ်သည်။ လင်ယောကျ်ားမှ မိန်းမဖြစ်သူကိုကျူးလွန်ခြင်းဖြစ်ပြီး အမှုအခင်းများကို ကျေးရွာအဆင့်၌သာ အများဆုံးဖြေရှင်းကြပါသည်။ ကျေးရွာဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နစ်နာသူများကိုယ်တိုင်၊ မိသားစုဝင်၊ ဆွေမျိုးသားချင်းများနှင့် အမှုကို တွေ့ရှိသူများမှ အမှုများအားတိုင်ကြားရန်အတွက် တွန်းအားပေး ပံ့ပိုးကြသည်။ သို့ရာတွင် တိုင်ကြားမှုကို ဟန့်တားစေသည့်အကြောင်းအရင်းများလည်း ရှိနေသေးသည်။ အဆိုပါအကြောင်းအရင်းများမှာ လက်နက်ကိုင် အဖွဲ့အစည်းများခြင်းကြောင့် လုံခြုံရေးကိုစိုးရိမ်ရခြင်း (၎င်းတို့နှင့်ဆက်နွယ်ပတ်သက်သော အမှုများဖြစ်ပါက)၊ ဥပဒေမစိုးမိုးနိုင်သေးသည့်ဒေသဖြစ်ခြင်းနှင့် လမ်းခရီးကြန့်ကြာမှုတို့ဖြစ်သည်။ အမှုသည်များ၏အကျိုးအတွက် ခေါင်းဆောင်များက ဒေသတွင်းဖြစ်ပွားသည့်အမှုအချို့ကို မြို့နယ်သို့ဆင့်ပြီး စစ်ဆေးဆောင်ရွက်ပေးခြင်းဖြင့် တရားရေးဝန်ဆောင်မှုပေးလျက်ရှိသည်။ အချို့သောအမှုများတွင် ပယ်ကော်များနှင့် ချိတ်ဆက်ဆောင်ရွက်ကာ တရားရုံးသို့တင်ပို့သည်။ လူထုအတွက် ဥပဒေအသိပညာပေးခြင်းအား များစွာဆောင်ရွက်ရန်လိုအပ်သည်။ ကျေးရွာအုပ်စုနှင့် ကျေးရွာတိုင်းတွင် ဥပဒေစာအုပ်နှင့် လက်စွဲစာအုပ်များထားရှိသွားရန်လည်း လိုအပ်သည်။ ထိုအပြင် တရားရုံးအဆင့်ဆင့်တွင် မဆုံးဖြတ်သင့်သည့် အမှုများကို ဆုံးဖြတ်နေသည့်အလေ့အထများအား ပြုပြင်ပြောင်းလဲသွားရန်ဖြစ်သည်။

## ဖားအံခရိုင်


ခရိုင်အတွင်းအမှုဖြစ်ပွားမှုအများဆုံးမှာ အိမ်တွင်းအကြမ်းဖက်မှုဖြစ်ပြီး ဒုတိယဖြစ်ပွားမှုအများဆုံးမှာ မုဒိမ်းမှုဖြစ်သည်။ ပြစ်မှုကျူးလွန်သူများမှာ ကျူးလွန်ခြင်းခံရသူ၏ မိသားစုဝင်များနှင့်သူစိမ်းမှ ကျူးလွန်သည့်အမှုများလည်းရှိသည်။ ဖြစ်ပွားသည့်အမှုအများစုကို တိုင်တန်းကြသည်။ အမှုအခင်းများကိုတိုင်တန်းရန်အတွက် တွန်းအား ပေးစေသည့်အရာများမှာကိုယ်တိုင်မှ တရားမျှတမှုကိုလိုချင်ခြင်းနှင့် မိသားစုဝင်များမှတိုင်တန်းပေးခြင်းတို့ဖြစ်သည်။ အချို့သောအမှုကိစ္စရပ်များတွင်တိုင်တန်းရန်အတွက် အတားအဆီးအခက်အခဲများလဲရှိသည်။ ငွေရေးကြေးရေးခက်ခဲခြင်း၊ မိသားစုဝင်အချင်းချင်းမှ ကျူးလွန်ခြင်း၊ ဂုဏ်သိက္ခာ၊ အချိန်ကြာမြင့်မည်ကို မလိုလားခြင်း စသဖြင့် အမျိုးမျိုးသော အတားအဆီး အကန့်အသတ်များလည်း ရှိနေသည်။ ၎င်းအမှုများကို ရပ်တွင်းရွာတွင်း၌ အများဆုံးဖြေရှင်းကြပြီး CLVမှ လက်လှမ်းမီသောဒေသဖြစ်ပါက ဥပဒေဆိုင်ရာအကြံပေးခြင်းကဲ့သို့သော ပံ့ပိုးကူညီမှုပေးခြင်းနှင့် အခြားလိုအပ်သောအကူအညီများကို KYOနှင့် KWO တို့မှ ပံ့ပိုးကူညီ ပေးလျက်ရှိသည်။ အထူးသဖြင့်ကျေးရွာအတွင်း ဥပဒေဆိုင်ရာသင်တန်းများကိုတိုးမြင့်ပို့ချပေးရန်၊ ပယ်ကော်အင်အားကိုလူထုနှင့် နီးကပ်နိုင်သမျှနီးကပ်အောင်ထားရှိရန်နှင့် CLV ဦးရေကို တိုးမြင့်သွားရန်လိုသည်။ ထို့အပြင် အမှုများကိုလည်း ဥပဒေလုပ်ထုံးလုပ်နည်းမှန်ကန်မှုအားကောင်းအောင် လုပ်ဆောင်ရန် လိုအပ်သည်။ လူထုမှဥပဒေကို အယုံအကြည်ရှိလာစေရန်အတွက် ပြစ်မှုကျူး လွန်သူများအား (အဖွဲ့အစည်းဝန်ထမ်း ဖြစ်နေစေကာမူ) ထိထိမိမိ အရေးယူဆောင်ရွက်သွား ရန်လိုအပ်သည်။

လူထုမှ ဥပဒေကိုများကို နားလည်ဖို့ရန်လိုအပ်သကဲ့သို့ အဆင့်ဆင့်ခေါင်းဆောင်များကလည်း ဥပဒေအသိတိုးရန် လိုအပ်သည်။ အချို့သောခေါင်းဆောင်များမှာ ဥပဒေပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်မှုမရှိသေးသောကြောင့် လူထုမှ ယုံကြည်မှုအားနည်းနေရခြင်းဖြစ်သည်။ ကျေးရွာခေါင်းဆောင်များနှင့်အခြားအဆင့်ဆင့်သော ခေါင်းဆောင်များမှ ဥပဒေအား တာဝန်ခံရန်လည်း လိုအပ်သည်။ အချို့သောအပိုင်းများတွင်လည်း ဥပဒေအားအကောင်အထည်ဖော်ဆောင်ရွက်မှုအားနည်းလျက် ရှိနေပါသည်။ အချို့သောခေါင်းဆောင်များမှာ ပြီးစလွယ်လုပ်သည့် ကိစ္စရပ်များလည်းရှိနေသေးသည်။ ထို့အတွက်ကြောင့် အဆင့်ဆင့်ရှိခေါင်းဆောင်များအား ဥပဒေသင်တန်းပေးခြင်းနှင့် တွေ့ဆုံဆွေးနွေးပွဲများလုပ်ခြင်းများအားဖြင့် လုပ်ဆောင်ကျင့်သုံးမှုများ၊ ပြုပြင်ပြောင်း လဲမှုများရှိလာမည်ဆိုပါက လူထုမှ ဥပဒေကို အယုံအကြည်ရှိလာမည်မှာ မလွဲမသွေပင်ဖြစ်သည်။

ဆောင်းပါးကဏ္ဍ

# အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး ချိုးဖျက်ရမည့် မျက်နှာကျက်များ

■ တာသဘလေး (ဝေလယ်ဒို)



## အမျိုးသမီးများအပေါ်အကြမ်းဖက်မှုဆိုတာဘာလဲ။

အမျိုးသမီးများအပေါ်အကြမ်းဖက်မှု (တစ်နည်းအားဖြင့်) ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှုဆိုသည်မှာ လူတစ်ဦးတစ်ယောက်၏ ယောကျ်ား (သို့) မိန်းမဖြစ်တည်ခြင်း၊ လိင်စိတ်ခံယူမှု မတူကွဲပြားမှုအပေါ်အခြေခံကာ ထိုသူ၏ စိတ်သဘောဆန္ဒမပါပဲ ထိုသူ၏ခန္ဓာပိုင်းဆိုင်ရာဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာဖြစ်စေ သူ၏ရပ်တည်ဖော်ပြမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နာကျင်အောင် ပြုလုပ်သောအပြုအမူများဖြစ်သည်။ ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုများကို လူမှုဝန်းကျင်တွင် ပုံစံအမျိုးမျိုး အသွင်သဏ္ဍာန်အမျိုးမျိုးဖြင့် တွေ့ရှိရနိုင်ပါသည်။

## အမျိုးသမီးများအပေါ်အကြမ်းဖက်မှုတွေ ဘာကြောင့်ဖြစ်ပွားရသလဲ။

အမျိုးသမီးများအပေါ်အကြမ်းဖက်မှု (တစ်နည်းအားဖြင့်) ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုအကြောင်းကို ဆွေးနွေးပြောဆိုသည့်အခါတွင် ပက်ထရီအာခီဟူသော အယူအဆ၊ အတွေးအခေါ်မှသည် စနစ်တစ်ခုအဖြစ်ကျင့်သုံးလာသော ကြီးစိုးချယ်လှယ်သော လူမှုစနစ်အကြောင်းကို ချန်လုပ်ထား၍မရပေ။ Patriarchy စနစ်ဆိုသည်မှာ ဖခင်ကြီးများမှအုပ်ချုပ်ခြင်း၊ လူမျိုးစု၏ခေါင်းဆောင်အမျိုးသား၊ ဖခင် ဒါမှမဟုတ် သားယောကျ်ားလေးသာလျှင် အိမ်ထောင်ဦးစီး စသည့်အမျိုးသားများကို ပါဝါနှင့် အခွင့်အရေးများ ပိုမိုရရှိစေသော စနစ်တစ်ခုဖြစ်သည်။ ပက်ထရီအာခီစနစ်သည် ခေတ်တစ်ခေတ်ပြီးတစ်ခေတ် အသွင်သဏ္ဍာန်အမျိုးမျိုးဖြင့် လူမှုအဆောက်အအုံထဲတွင် စိမ့်ဝင်နေလျက်ရှိသည်။ ဤစနစ်သည် အမျိုးသားများက အခွင့်အာဏာရှိ /လွှမ်းမိုးမှုပိုရရှိပြီး အမျိုးသမီးများသည် တဆင့်နိမ့် လက်အောက်ခံ လူတန်းစား ဖြစ်လာစေသည်။ ပညာသင်ယူခွင့်၊ ဆုံးဖြတ်ချက်ချသောနေရာများတွင်ပါဝင်ခွင့်၊ လွတ်လပ်စွာကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်ခြင်း ၊ အရင်းအမြစ်များကို ထိန်းချုပ်ခွင့်နှင့် အကျိုးခံစားခွင့် များတွင် အမျိုးသမီးများအတွက် ကန့်သတ်မှုများစွာ ရှိလာသည်။ ထိုသို့ ခွဲခြား ဆက်ဆံမှုများမှတစ်ဆင့်

လိင်အခြေပြု အကြမ်းဖက်မှုများသည် ရှိလာသည်။ ယေဘုယျအားဖြင့် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပုံစံများကို အောက်ပါအတိုင်းတွေ့ရှိနိုင်ပါသည်။

**လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းဆိုသည်မှာ** အမျိုးသမီး၏ သဘော တူခွင့်ပြုချက်မပါပဲ သွေးဆောင်ဖြားယောင်းခြင်း၊ အဓမ္မ တိုက်တွန်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ အနိုင်အထက်ပြုခြင်းဖြင့် လိင်ပိုင်းဆိုင်ရာ ပြုမူဆောင်ရွက် ခြင်းကို ဆိုလိုသည်။ မုဒိမ်းမှု၊ ပြည့်တန်ဆာလုပ်ရန်စေခိုင်းမှု၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်ရန် ရည်ရွယ်သော အသံ၊ ကိုယ်အမူအရာ အစရှိသည့် အပြုအမူများဖြစ်သည်။

**ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းဆိုသည်မှာ** ဘေးဖြစ်စေတတ်သောလက်နက် သို့မဟုတ် အရာဝတ္ထုတစ်ခုခုကို အသုံးပြု၍ဖြစ်စေ အသုံးမပြုပဲဖြစ်စေ လူကိုသေစေရန်၊ နာကျင်စေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန် အနိုင်အထက်ပြုမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ ထိပါးစော်ကားမှု၊ မတရားချုပ်နှောင်မှု အပါအဝင် တစ်နည်းနည်းဖြင့် ပြုလုပ်သည့်အကြမ်းဖက်မှုကို ဆိုလိုသည်။

**စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းဆိုသည်မှာ** စိတ်ပိုင်ဆိုင်ရာထိခိုက်နစ်နာမှု ဖြစ်စေရန် သို့မဟုတ် ဂုဏ်သိက္ခာ ထိခိုက်နစ်နာစေရန် တမင်ကြံရွယ်လုပ်ဆောင်သော လွတ်လပ်စွာသွားလာနေထိုင်ခွင့်၊ နှုတ်ဖြင့် အကြိမ်ကြိမ် စော်ကားခြင်း၊ အများသူငါရှေ့တွင် အရှက်ရအောင် ပြုမူပြောဆိုခြင်း၊ မကြာခဏခြိမ်းခြောက်ခြင်း လူ့အသိုင်းအဝိုင်းမှ ဖယ်ကြဉ်ထားခြင်း၊ ဆူပူကြိမ်းမောင်းကာ အသုံးမကျသူအဖြစ် ခံစားစေခြင်း စသည့် ပြုလုပ်မှုများ ဖြစ်သည်။

**စီးပွားရေးဆိုင်ရာအကြမ်းဖက်ခြင်း ဆိုသည်မှာ** ကိုယ်ပိုင်ဆုံးဖြတ် ချက်နှင့် လုပ်ဆောင်ခွင့်မရရှိခြင်း၊ တားမြစ်ခြင်း၊ ပုံမှန်ဝင်ငွေရှိလျက် မိသားစုစရိတ် ထောက်ပံ့မှုမရှိခြင်း၊ ပိုင်ဆိုင်မှုများကို ထိန်းချုပ်ခြင်း အစရှိသော အပြုအမူများဖြစ်သည်။ အန္တရာယ်ရှိ သော ယဉ်ကျေးမှုဓလေ့ထုံးစံများအရ အကြမ်းဖက်ခြင်းများမှာ အရွယ် မတိုင်မီ အိမ်ထောင်ချပေးခြင်း၊ လိင်အင်္ဂါများဖြတ်တောက်ခြင်း၊ ဂုဏ်သိက္ခာအတွက် သတ်ဖြတ်ခြင်း စသည့် လုပ်ဆောင်မှု များ ပါဝင်သည်။

စစ်တမ်းများအရ ကမ္ဘာပေါ်ရှိ အမျိုးသမီး ၃ ဦးတွင် ၁ ဦးသည် အထက်ပါ အကြမ်းဖက်မှုများကို တစ်နည်း မဟုတ် တစ်နည်း နေ့စဉ် ကြုံတွေ့နေရသည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုသည် အရေးပေါ်အခြေအနေ တစ်ခုဖြစ်သည်။ မိသားစုများအတွင်း ဖြစ်ပွားသော အိမ်တွင်း အကြမ်းဖက်မှု၊ အိမ်ထောင်ဖက် အကြမ်းဖက်မှုများ၊ အလုပ်ခွင်လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများ၊ ပဋိပက္ခဒေသများတွင် ဖြစ်ပွားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ ၂၀၁၅ -၂၀၁၆ ခုနှစ်တွင်ပြုလုပ်ခဲ့သော စစ်တမ်းတစ်ခုတွင် မြန်မာနိုင်ငံရှိ အမျိုးသမီးခုနစ်ယောက်တွင် တစ်ယောက်သည် အသက် ၁၅ နှစ်ကတည်းက အကြမ်းဖက်မှုကို ကြုံခဲ့ရကြောင်း လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေဆိုင်ရာကိစ္စရပ်များကို ၂၀၁၂ ခုနှစ်ဝန်းကျင်မှစ၍ လိင်နှင့် ကျားမအခြေပြု အကြမ်းဖက်မှုကို ကိုင်တွယ်ဖြေရှင်းရန်၊ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ၏ အခွင့်အရေးများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်ပြောဆိုဆွေးနွေးလာသည့် ခေါင်းစဉ်တစ်ခုဖြစ်ခဲ့သည်။ထိုသို့ ဥပဒေပြဋ္ဌာန်းပေါ်ပေါက်လာခြင်းဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက် ကျူးလွန်သူများကို ထိရောက်စွာ အရေးယူနိုင်ရန်နှင့် အခြေခံအားဖြင့် လိုအပ်သော တရားမျှတမှုနှင့် ဥပဒေဝန်ဆောင်မှုများ ရရှိနိုင်မည်ဖြစ်သည်။ ဤဥပဒေမူကြမ်းကို ၂၀၁၉ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်ထံ အဆိုသွင်းတင်ခဲ့ပါသည်။၂၀၂၀ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဥပဒေမူကြမ်းကို နိုင်ငံပိုင်သတင်းစာတွင် ကြေငြာခဲ့သည်။ သို့သော် ထိုဥပဒေမူကြမ်းတွင် ပါဝင်သော ပုဒ်မများ၊ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ဝေါဟာရများသည် လိုအပ်ချက်များရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် အမျိုးသမီးအခွင့်အရေးနှင့် ဥပဒေဆိုင်ရာ တက်ကြွလှုပ်ရှားသော အဖွဲ့အစည်းများမှ ထိုဥပဒေမူကြမ်းကို အကြံပြုချက်များ တင်ပြရန် ကြိုးစားခဲ့သည်။ သို့သော်ထိုကာလအတွင်းမှာပင် နိုင်ငံတော်အာဏာသိမ်းမှု ဖြစ်ပွားလာသောအခါ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေပြဋ္ဌာန်းခြင်းကိစ္စရပ်များသည် တစ်ခန်းရပ် ဖြစ်ခဲ့ရသည်။ ယခုလက်တွေ့ မြေပြင်အခြေအနေတွင် ထင်သာမြင်သာဖြစ်နေသော မြန်မာပြည်ရှိ အမျိုးသမီးများ၏ အတွေ့အကြုံများမှာ ကိုဗစ် ၁၉ ကမ္ဘာ့ကပ်ရောဂါနှင့် နိုင်ငံရေးကြောင့် အိမ်တွင်းအကြမ်းဖက်မှု တိုးလာခြင်း၊ လူကုန်ကူးခံရခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ထိပါးစော်ကားခံရခြင်းများ ပိုမိုများပြားလာပြီး တစ်ဖက်တွင် ဥပဒေဆိုင်ရာ လက်လှမ်းမမှီနိုင်ခြင်း၊ ဥပဒေမဏ္ဍိုင်ပြိုလဲခြင်းကြောင့် ကျူးလွန် သူများသည် ဥပဒေပြစ်ဒဏ် ပေးခံရခြင်းမှ ကင်းလွတ်နေခြင်းများ ရှိနေသည်။

## အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်ခြင်းများ ပပျောက်ဖို့ ဘာကြောင့်အရေးကြီးသလဲ။

အမျိုးသမီးများအပေါ်အကြမ်းဖက်ခြင်းသည် လူ့အခွင့်အရေး ချိုးဖောက်ခြင်းဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ခုလည်းဖြစ်ပါသည်။ လူတစ်ဦးတယောက်အတွက်သာမက လူသားမျိုးနွယ်တစ်ခုလုံးအပေါ် ကြီးမားစွာ အန္တရာယ်ဖြစ်စေသော သက်ရောက်မှုကို ဖြစ်စေသည်။ ထိုအကြမ်းဖက်မှု၏ အကျိုးဆက်များမှာ အသက်ဆုံးရှုံးခြင်း၊ သို့မဟုတ် အသက်ရှင်ကျန်ရစ်သည့် ဆိုးရွားသော ကျန်းမာရေးပြဿနာများ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေး၊ စီးပွားရေးများကို ပါထိခိုက်စေပါသည်။ ပဋိပက္ခအချိန်တွင် ဖြစ်ပွားသော ရည်ရွယ်ချက်ရှိရှိကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ သည် လူမျိုးစုတစ်ခုလုံးအပေါ် နှစ်ရှည်ကြာ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ကြီးစွာသော စိတ်ဒဏ်ရာ စသည့် သက်ရောက်မှုများကို ဖြစ်စေပါသည်။ ထို့ကြောင့် အမျိုးသမီးများ

အပေါ်အကြမ်းဖက်မှု၊ လိင်အခြေပြုအကြမ်းဖက်မှုများ ပပျောက်ရန် တစ်ဦးတစ်ယောက်ချင်းစီ၏ အမူအကျင့် အတွေးအခေါ်များမှစ၍ ပြုပြင်ပြောင်းလဲရန်လိုပါသည်။ အမျိုးသမီးများ အပေါ်ထားသော တန်ဖိုးထားမှုများ၊ ခွဲခြားဆက်ဆံမှုကို ဖြစ်စေသော ယဉ်ကျေးမှု ဓလေ့များ၊ ဘာသာရေး ကျင့်သုံးမှု အလေ့အထများကို ပြန်လည် သုံးသပ်ရန် လိုအပ်ပါသည်။

အထူးသဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးပဋိပက္ခ ဖြစ်ပွားသော နေရာ၊အချိန်များတွင် အမျိုးသမီး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေး စသည့် အကြောင်းအရာများသည် ပို၍ အရေးကြီးသော လုပ်ဆောင်ရမည့် အကြောင်းအရာ ဖြစ်လာသည်။ လူ့အခွင့်အရေး ကြေငြာစာတမ်း (UDHRs)၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗန်းရှင်း (CEDAW)၊ အာဆီယံ ၏ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ဒေသဆိုင်ရာ လုပ်ငန်းစဉ်များ၊ UNSCR 1325 နှင့် ကလေးသူငယ် အခွင့်အရေး (CRC) များ စသည်တို့ကို ထိရောက်စွာ အကောင် အထည်ဖော် လုပ်ဆောင်သင့်သော ကာလဖြစ်သည်။ အာဏာရှင်စနစ် ကျဆုံးရန် အရေးကြီးသည်ဟုဆိုလျက် တော်လှန်ရေး လုပ်နေသည့် တစ်ပြိုင်နက် အမျိုးသမီးများအပေါ်ခွဲခြားဆက်ဆံခြင်း၊ အကြမ်းဖက်ခြင်းများကို တစ်ပါတည်း တိုက်ဖျက်ရန် လိုအပ်ပါသည်။ အမျိုးသမီးများ၏ လူနေမှု၊ စီးပွားရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဥပဒေနှင့် စိတ်ပိုင်းဆိုင်ရာ အကူအညီ ထောက်ပံ့ပေးသော ဝန်ဆောင်မှုများ၊ ဥပဒေပြုခြင်းများ၊ မူဝါဒများနှင့် အစိုးရမှ တာဝန်ဝတ္တရားများကို အကောင်အထည်ဖော် ခြင်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ တက်ကြွစွာပါဝင်မှုများ၊ လူတစ်ဦးတစ်ယောက်ခြင်းစီ၏ အခြေခံလူ့အခွင့်အရေးများအပေါ် တန်ဖိုးထားမှု စသည်တို့ အားကောင်းလာပါက အမျိုးသမီးများ အပေါ် အကြမ်းဖက်မှု၊ ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု၊ လိင်အခြေပြု အကြမ်းဖက်မှုများ လျော့ကျနိုင်ပါသည်။

ထို့နည်းတူ အမျိုးသမီးများအပေါ်နည်းမျိုးစုံဖြင့် အကြမ်းဖက်ခြင်း ပပျောက်ရေးနှင့်ဆိုင်သောလူထုလှုပ်ရှားမှုများ ဖြစ်သော နိုဝင်ဘာလ ၂၅ ရက်မှ ဒီဇင်ဘာလ ၁၀ ရက်နေ့အထိ လုပ်ဆောင်သော ၁၆ရက်တာလှုပ်ရှားမှု၊ဖဲကြိုးဖြူလှုပ်ရှားမှု၊သန်းတစ်ထောင်လှုပ်ရှားမှု (သို့) V Day ၊ MeToo Movement ၊ Thursday in Black စသည့် လှုပ်ရှားမှုများကဲ့သို့သော ပညာပေးအမြင်ဖွင့်ခြင်း၊ ဖိနှိပ်ခံရသူများ၏ အသံကို ဖော်ထုတ်ခြင်း စသည့် ပုံစံအမျိုးမျိုးဖြင့် လှုပ်ရှားမှုများကို လည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သင့်ပါသည်။ လူမှုဖွဲ့စည်း တည်ဆောက်ပုံနှင့် ယဉ်ကျေးမှုများတွင် အမြစ်တွယ်နေသော ပက်ထရီအာခီစနစ်နှင့် ထိုစနစ်ကို ပုံစံအမျိုးမျိုးဖြင့် အသက်သွင်း ကျင့်သုံးနေသူများကြောင့် ဖြစ်ပေါ်လာသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု၊ လိင်အခြေပြု အကြမ်းဖက်မှုများကို တော်လှန်ဆန့်ကျင်ရင်း။

## ခွ

အယ်နော


နားထောင်စေချင်တယ်
ရင်ဖွင့်စကားသံ
လေးလွန်းလှတဲ့ (ဒီ)ဝန်ထုပ်
မခံနိုင်လဲပြိုမှာစိုးလို့ပါကွယ်။

မြင်ကြည့်စေချင်တယ်။
ခန္ဓာနဲ့ စိတ်ဒဏ်ရာ
နက်ရှိုင်းတဲ့နာကျင်မှု
သက်သာခွင့်ရှိပါ့မလားကွယ်။

ဖိုဝါဒီစနစ်အောက်
အကြမ်းဖက်စနစ်နဲ့ ဓလေ့ကြားမှာ
ဝန်းကျင်ရဲ့ ရှုတ်ချမှုကြောင့်
အကြိမ်ကြိမ် ဘဝနာရတယ်။

ပုံပြင်မဟုတ်
ကိုယ်တွေ့ကြုံခဲ့ရတာမို့
ခဏလောက်နားထောင်ပေးပါ။
နာကျင်ရတာကိုမြင်ကြည့်ပေးပါ။
ဒဏ်ရာတွေပျောက်ကင်းခွင့်ပေးပါ။
ကျွန်မ
“အသက်ဆက်ရှင်ချင်သေးလို့ပါ။”

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကျူးလွန်ခံရသော အမျိုးသမီးတစ်ဦး၏ ရင်ဖွင့်သံ။
အချို့ဒေသတွင် ကျင့်သုံးလျက်ရှိသော ဓလေ့ကျင့်ထုံးများသည် အမျိုးသမီးနစ်နာသူများအား တရားမျှတမှုကို မယူဆောင်ပေး နေသည့်အပြင် ထပ်မံနစ်နာစေသော အကြမ်းဖက်မှုကိုယူဆောင် ပေးနေသည့်အတွက် ထိုဓလေ့များကို ပယ်ဖျက်ရန် အရေးကြီး သည်။ အမျိုးသမီးများအတွက် တရားမျှတမှုပြန်လည်ရရှိရန် ကြိုးစားရာတွင် ၎င်းတို့၏ ဆန္ဒ(စကားသံ)ကို နားထောင်ကာ ရှင်သန်ကျန်ရစ်သူကို ဦးစားပေးသောနည်းလမ်းဖြင့် ဥပဒေ ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများပေးရန် လွန်စွာ အရေးကြီးသည်။



## အမျိုးသမီးများအားအကြမ်းဖက်မှုမှ ကာကွယ်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များ

သိမှတ်ဖွယ်ရာများ

| ပုဒ်မ | ပြစ်မှု | ပြစ်ဒဏ် |
| --- | --- | --- |
| ၂၀၂ | ကိုယ်ဝန်ပျက်ကျစေခြင်း။ | ၃နှစ်ထိထောင်ဒဏ်၊ ငွေဒဏ်၊ ဒဏ်နှစ်ရပ်လုံး။<br>လှုပ်ရှားနိုင်သည့်ကိုယ်ဝန်ဖြစ်ပါက ၇နှစ်ထိထောင်ဒဏ်။ |
| ၂၀၃ | ကိုယ်ဝန်ဆောင်အမျိုးသမီးအား ကိုယ်ဝန်ပျက်ကျစေရန်အကြံနှင့် ထို အမျိုးသမီးအား သေအောင်ပြုလုပ်ခြင်း။ | ၁၀နှစ်ထိထောင်ဒဏ်အပြင် ငွေဒဏ်။ |
| ၂၂၄ | မိန်းမတစ်ဦး၏ ကာယိအိန္ဒြေပျက်စီး စေခြင်း။ | ၂နှစ်ထိထောင်ဒဏ် (သို့) လေးသိန်းကျပ်အထိငွေဒဏ် (သို့) ဒဏ်နှစ်ရပ်လုံး။ |

| | | |
|---|---|---|
| ၂၂၇ | အသက် (၁၈) နှစ်အောက်အမျိုးသမီးကို အုပ်ထိန်းသူသဘောမတူဘဲ သွေးဆောင်ခေါ်ယူခြင်း/ခိုးယူခြင်း။ | ၇နှစ်ထိထောင်ဒဏ်အပြင် ငွေဒဏ်ကိုအများဆုံး ခုနှစ်သိန်းမှ ဆယ်သိန်းအထိ။ |
| ၂၃၀ | အမျိုးသမီးတစ်ဦးအား ၎င်းသဘောမတူဘဲ အတင်းထိမ်းမြားပေးရန်အတွက်ခိုးယူခြင်း (သို့မဟုတ်) သွေးဆောင်ခေါ်ယူခြင်း။ | တစ်သက်ထောင်ဒဏ် (သို့) ၁၀နှစ်အထိထောင်ဒဏ်အပြင် ငွေဒဏ် အနည်းဆုံး ဆယ်သိန်းမှ ဆယ့်ငါးသိန်းကျပ်အထိ။ |
| ၂၃၁ | ကာမပွဲစားအဖြစ် မိန်းကလေးကို ရှာပေးခြင်း။ | သေဒဏ် (သို့) တစ်သက်ထောင်ဒဏ် (သို့) ၁၀နှစ်ထိထောင်ဒဏ်။ |
| ၂၃၄ | ပြည်တန်ဆာကိစ္စများအတွက် ရောင်းဝယ်ခြင်း။ | သေဒဏ် (သို့) တစ်သက်ထောင်ဒဏ် (သို့) ၁၀နှစ်ထိထောင်ဒဏ်အပြင် ငွေဒဏ် အနည်းဆုံး ဆယ်သိန်းမှ အများဆုံး ဆယ့်ငါးသိန်းထိ။ |
| ၂၃၆ | ယောကျ်ားတစ်ယောက်သည် ၎င်း၏မယား မဟုတ်သည့် အမျိုးသမီးတစ်ဦးကို ထိုသူ သဘောမတူဘဲ အတင်းအကြပ် ကာမစပ်ယှက်ခြင်း။ | သေဒဏ် (သို့) တစ်သက်ထောင်ဒဏ် (သို့) ၁၀နှစ်ထိထောင်ဒဏ်အပြင် ငွေဒဏ် အနည်းဆုံး ဆယ်သိန်းမှ အများဆုံး ဆယ့်ငါးသိန်းထိ။ |
| ၂၃၆ | ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ၊ အသက် (၁၆)နှစ်အောက် ထိမ်းမြားလက်ထက်ခြင်း။ (မုဒိမ်းမှုမြောက်) | သေဒဏ် (သို့) တစ်သက်ထောင်ဒဏ် (သို့) ၁၀နှစ်ထိထောင်ဒဏ်အပြင် ငွေဒဏ် အနည်းဆုံး ဆယ်သိန်းမှ အများဆုံး ဆယ့်ငါးသိန်းထိ။ |
| ၂၃၇ | ယောကျ်ားဖြစ်သူမှ အသက် ၁၆ နှစ်အထက် ၎င်း၏ မယားဖြစ်သူအလိုမတူပဲ အဓမ္မပြုကျင့်ပါကမုဒိမ်းမှုမြောက်ခြင်း။ | ၂နှစ်ထိထောင်ဒဏ် (သို့) ငွေဒဏ် (သို့) ဒဏ်နှစ်ရပ်လုံး။ |
| ၂၈၂ | အမျိုးသားတစ်ဦးသည် ၎င်းနှင့် တရားဝင်ထိမ်းမြားခြင်း မရှိသေးသောမိန်းမကို လိမ်လှည့်ဖြားပြီး ကာမစပ်ယှက်ခြင်း။ | ၁၀နှစ်ထိထောင်ဒဏ်အပြင် ငွေဒဏ်။ |
| ၂၈၃ | လင် (သို့မဟုတ်) မယားရှိလျှက် ထပ်မံထိမ်းမြားခြင်း။ | ၇နှစ်ထိထောင်ဒဏ်အပြင် ငွေဒဏ်။ |
| ၂၈၄ | ယခင်ထိမ်းမြားခြင်းကို ထိမ်ချန်ခြင်း။ | ၁၀နှစ်ထိထောင်ဒဏ်အပြင် ငွေဒဏ်။ |
| ၂၈၆ | လင်ခိုးခြင်း၊ မယားခိုးခြင်း (ဖောက်ပြန်ခြင်း) | ၇နှစ်ထိထောင်ဒဏ်အပြင် ငွေဒဏ်။ |




## ကေအဲန်ယူဗဟိုတရားသူကြီးချုပ် ပဒိုနော်မြိုင်ဖိုးနှင့် တွေ့ဆုံမေးမြန်းခြင်း

*ပဒိုနော်မြိုင်ဖိုးသည် ဗဟိုတရားသူကြီးချုပ်ဖြစ်ပြီး အမျိုးသမီး၊ တရားမျှတမှု ခေါင်းဆောင်မှုဆိုင်ရာ ၎င်း၏ရှုမြင်သုံးသပ် အကြံပြုချက်များကို ဆွေးနွေးဖြေကြားထားပါသည်။*

*မေး ။ ။ လက်ရှိ တာဝန်နှင့် သက်တမ်းကို ပြောပြပေးပါ။*

ဖြေ ။ ။ လက်ရှိကတော့ ဗဟိုတရားသူကြီးချုပ်အဖြစ်တာဝန် ထမ်းဆောင်နေပြီး သက်တမ်းအနေနဲ့ကတော့ ၅နှစ်ကျော်လောက် ရှိပါပြီ။

*မေး ။ ။ ဤတာဝန်ကို ထမ်းဆောင်တဲ့အခါမှာ စိတ်လှုပ်ရှား စရာအကောင်းဆုံးက ဘာများလဲ။*

ဖြေ ။ ။ စိတ်လှုပ်ရှားစရာအနေနဲ့ကတော့ တော်တော်များများ ရှိပါတယ်။ အထူးသဖြင့်ကတော့ ဖြစ်ပေါ်လာတဲ့မှုခင်းတွေမှာပေါ့။ ဥပမာ ဖခင်ကနေပြီး သမီးဖြစ်တဲ့သူကို မတရားပြုကျင့်တဲ့အမှု မျိုးတွေ တွေ့လာရတယ်။ အဲ့လိုအမှုမျိုးတွေကို ဘယ်လိုလျော့ကျ သွားအောင်လုပ်နိုင်မလဲဆိုတဲ့ နည်းလမ်းကိုရှာဖွေသွားဖို့ပေါ့။

*မေး ။ ။ အမျိုးသမီးခေါင်းဆောင်တစ်ဦးအနေနဲ့ ဒီလုပ်ငန်း တာဝန်ထမ်းဆောင်တဲ့အခါ အကြီးများဆုံး အတားအဆီးက ဘာလဲ။*

ဖြေ ။ ။ တော်လှန်ရေးကာလဖြစ်တဲ့အတွက် အတားအဆီး ကတော့ အများကြီးပဲ။ ဥပဒေအတိုင်းလုပ်မယ်ဆိုရင်တော့ အတားအဆီးကတော့ မပြောပလောက်ပါဘူး။ ဒါပေမယ့် အချို့ သောခေါင်းဆောင်ပိုင်းတွေက ဥပဒေကိုလက်မခံတာမျိုး၊ လေးစား လိုက်နာခြင်းမရှိတာမျိုးတွေကတော့ ကျွန်မအတွက် အတားအဆီး ဖြစ်စေတယ်။

*မေး ။ ။ အမျိုးသားတွေရဲ့ အတွေ့အကြုံနဲ့မတူဘဲ အမျိုးသမီး ခေါင်းဆောင်တဦးအနေနဲ့ရရှိတဲ့ အတွေ့အကြုံကောင်း ဒါမှမဟုတ် အကျိုးရှိစေတဲ့ အတွေ့အကြုံက ဘာတွေလဲ။*

ဖြေ ။ ။ တရားသူကြီးချုပ်သက် တမ်းကာလအတွင်းမှာ အမှု ကိစ္စတွေမှာ လျှော့ပေါ့ပေးဖို့ လာဘ်ထိုးလာတာတွေရှိတယ်။ အဲ့လို လာဘ်လာဘတွေကို မျှော်ကိုးတဲ့သူတွေဆိုရင်တော့ မက်မောစရာ ဖြစ်တာပေါ့။ ဒါပေမယ့် ကျွန်မကတော့ ဘယ်လောက်ပဲ လာပုံပေး ပါစေ ငြင်းဆန်ပြီး ဥပဒေနဲ့အညီပဲ ဆောင်ရွက်ခဲ့တယ်။ ပြန်ကြည့် မယ်ဆိုရင်တော့ လူသားတစ်ယောက်အနေနဲ့ မက်မောစရာတွေ ဖြစ်တယ်။ ဒါတွေကိုငြင်းဆန်နိုင်တာက အတွေ့အကြုံကောင်းတ ခုပဲလို့ ယူဆတယ်။

*မေး ။ ။ ဟိုးအရင် ဒီတာဝန်မထမ်းဆောင်ခင်တုန်းက အမျိုးသား ခေါင်းဆောင်အများစုရှိတဲ့ ဒီလိုအလုပ်နယ်ပယ်မှာ ပါဝင်လုပ်ဆောင် ဖြစ်မယ်လို့ ကိုယ့်ကိုယ်ကို စိတ်ကူးမြင်ယောင်ကြည့်ဖူးလား။*

ဖြေ ။ ။ ဒီအဆင့်ထိတော့ မမြင်ယောင်ဖူးဘူး။ အောက်ခြေ အဆင့်တွေမှာပဲပါဝင်လုပ်ဆောင်ဖြစ်မယ်လို့ မြင်ယောင်ခဲ့ ဖူးတယ်။

*မေး ။ ။ ဒီတာဝန်ကို ထမ်းဆောင်ဖို့ အဖီးကို ဘယ်သူက/ဘယ် အရာက လှုံ့ဆော်ခဲ့တာလဲ။ (ဒါမှမဟုတ်) အဖီးကို တွန်းအားပေး လှုံ့ဆော်တဲ့ စံပြအမျိုးသမီးက ဘယ်သူများဖြစ်သလဲ။*

ဖြေ ။ ။ ဘယ်သူမှတော့မရှိဘူး။ ကျွန်မက အမှန်တရားကို လိုချင်လို့ ကိုယ်တိုင်ကိုယ်ကျကြိုးစားခဲ့တာပဲရှိတယ်။

*မေး ။ ။ အမျိုးသားများကို ဦးဆောင်တဲ့ အဖီးရဲ့တွေ့အကြုံကို ပြောပြပေးပါ။*

ဖြေ ။ ။ ခေါင်းဆောင်တစ်ဦးအနေနဲ့မဟုတ်ဘဲ လုပ်ဖော်ကိုင်ဖက် မောင်နှမတွေအနေနဲ့ တိုင်ပင်ဆွေးနွေးဖြစ်တယ်။ သူတို့နဲ့ပြောဖြစ် ဆွေးနွေးဖြစ်တယ်။ ကျေနပ်မှုရှိပါတယ်။

*မေး ။ ။ ကော်သူးလေဒေသမှာရှိတဲ့ အမျိုးသမီးများနှင့် မိန်းကလေးများရဲ့ တရားရေးရာလက်လှမ်းမီရရှိမှုနှင့် ပတ်သက်ပြီး အဖိုးရဲ့ စိုးရိမ်/ပူပန်မှုတွေက ဘာတွေလဲ။*

ဖြေ ။ ။ အမျိုးသမီးတွေအနေနဲ့က တရားမျှတမှု လက်လှမ်းမီ ရရှိမှုက အားနည်းနေသေးတယ်။ အချို့သောသက်ဆိုင်ရာ ဒေသ ခေါင်းဆောင်များက ဥပဒေကိုလည်း လက်တစ်လုံးခြား လုပ်တာ မျိုးတွေ ရှိနေသေးတယ်။ အဲ့လိုတွေမြင်ရရင် စိတ်မကောင်းဖြစ်မိ တယ်။

*မေး ။ ။ အိမ်မှာ၊ ရပ်ထဲရွာထဲမှာ၊ ကျောင်းမှာ ဒါမှမဟုတ် အလုပ်မှာ ကရင်အမျိုးသမီးနှင့် မိန်းကလေးများရဲ့ တရားမျှတမှု ရရှိဖို့ ကြိုးပမ်းအားထုတ်ကြတာနဲ့ ပတ်သက်ပြီး ဘယ်လိုမျိုး မြင် ပါသလဲ။ ဒါမှမဟုတ် မတိုင်ကြားပဲ ကျေအေးလိုက်ကြတာပဲလား။ ယခင်နဲ့ ယခု အခြေအနေဘယ်လိုရှိနေလဲ။*

ဖြေ ။ ။ အားနည်းနေပါသေးတယ်။ မတိုင်ကြားပဲကျေအေး လိုက်တဲ့အဆင့်က အများဆုံးပဲဖြစ်တယ်။ အကြောင်းကတော့ အချို့ခေါင်းဆောင်တွေက ဥပဒေကို သိလျက်နဲ့လျစ်လျူရှုထား တာတွေကြောင့် အားနည်းနေတာမျိုးဖြစ်တယ်။

*မေး ။ ။ အမှုပြဿနာများကိုဖြေရှင်းရာတွင် အမျိုးသမီးများ ကိုယ်တိုင်က ဦးဆောင်နေကြောင်းကို ဘယ်နေရာမှာများမြင်နေ ရလဲ။ အကြမ်းဖက်မှုများမှ ကာကွယ်ခြင်းလုပ်ငန်းတွေမှာ အမျိုးသ မီတွေက ဘယ်လိုမျိုး ပိုမိုပါဝင်လာနိုင်ကြမလဲ။*

ဖြေ ။ ။ တရားခုံရုံးမဟုတ်ပဲ လူထုတွင်းမှာဆိုရင်တော့ KWO ကတော့ ကမကထလုပ်ပြီး ဦးဆောင်ပေးတယ်။ သူတို့ကတော့ နည်းလမ်းတကျသွားဖို့ကူညီပေးတယ်။ သူတို့မှာလဲ ဥပဒေကို လေ့လာထားတဲ့လူတွေရှိတယ် အဲ့ဒီအတွက်ကြောင့် ဥပဒေအတိုင်း ဆောင်ရွက်ဖို့ တိုက်တွန်းပေးတာတွေရှိတယ်။ မြို့နယ်တွေသွားပြီး စကားပြောကြည့်တဲ့အခါမှာဆို အချို့က သင်တန်းရပြီးသားဖြစ် တယ်။ အဲ့လိုတွေတော်တော်များများက KWO က သင်တန်းပေး ထားတယ် ဆိုတာတွေ့ရတယ်။ အကြမ်းဖက်မှုကနေကာကွယ်ဖို့ အတွက်ဆိုရင်တော့ အထူးသဖြင့် ပညာပေးရေးကို များများလုပ် သွားဖို့လိုတယ်။ ဥပမာ နိုဝင်ဘာ ၂၅ ရက်နေ့မှာ ကျရောက်တဲ့ အမျိုးသမီးများအား အကြမ်းဖက်မှုပပျောက်ရေးလှုပ်ရှားမှုတွေ မှာ လှုံ့ဆော်ပေးတာမျိုးတွေ။ အစည်းအဝေးတွေမှာ ထည့်သွင်း ဆွေးနွေးကြတဲ့အခြေအနေထိရောက်ဖို့တော့ လိုနေသေးတယ်။ ခုံရုံးတွေမှာဆိုရင်တော့ တရားစီရင်ရေးမှာပါတဲ့အမျိုးသမီးတွေ က တရားစီရင်ရေးနဲ့ပတ်သတ်ပြီး ပြောမယ်ပြုမယ်ဆိုရင်တောင် လွတ်လွတ်လပ်လပ်ပြောပိုင်ခွင့်မရှိသေးဘူး။ အဲ့ဒါကြောင့် တရား စီရင်ရေးမှာ အမျိုးသမီးတွေရဲ့ ဦးဆောင်မှုက အားနည်းနေပါသေး တယ်။

*မေး ။ ။ လူထုတွေ တရားမျှတမှုလက်လှမ်းမီဖို့ အမျိုးသမီး တွေက ရာထူးတာဝန်အရမဟုတ်ပဲ ဘယ်လို အခန်းကဏ္ဍတွေမှာ ပါဝင်လုပ်ဆောင်နေကြသေးလဲ။*

ဖြေ ။ ။ အဲ့အပိုင်းမှာကတော့ ပွင့်ပွင့်လင်းလင်း ပြောရရင် ရပ် တွင်း ရွာတွင်းမှာ လှုပ်ရှားနေကြတဲ့ လူမှုအဖွဲ့အစည်းတွေမှာတော့ အမျိုးသမီးတွေပါဝင်တာများတယ်။ အဲ့ဒီအမျိုးသမီးတွေကတော့ ဝိုင်းဝန်းကူညီချင်ကြတဲ့ ဆန္ဒအသီးသီးရှိကြတယ်။ နစ်နာသူအမျိုး သမီးတွေကို သူတို့ကနေပြီးတော့ အများဆုံးကူညီဖေးမပေးကြ တယ်။

*မေး ။ ။ ဤပြဿနာများကို လက်ရှိအချိန်တွင် အမျိုးသမီးများ က မည်သို့ကိုင်တွယ်ဖြေရှင်းနေကြသလဲ။*

ဖြေ ။ ။ အမျိုးသမီး အဖွဲ့အစည်းကလည်း ဥပဒေနည်းလမ်း အတိုင်း ဆောင်ရွက်ဖို့အတွက်ကို အဖက်ဖက်ကနေပြီး ပံ့ပိုးကူညီ ပေးတယ်။ ဥပမာ အမှုအခင်းတွေဖြစ်လာပြီး နစ်နာသူအမျိုးသမီး တွေက သွားဖို့လာဖို့ ကုန်ကျစရိတ်တွေရှိလာပြီဆိုရင် KWO က ထောက်ပံ့ပေးတယ်။

*မေး ။ ။ ကော်သူးလေရဲ့ အမျိုးသမီးများနှင့် မိန်းကလေးငယ် များကို အကြမ်းဖက်မှုအမျိုးမျိုးမှ အကာအကွယ်နေတဲ့ ဥပဒေ နှင့် မူဝါဒတွေက ဘာတွေလဲ။ ဒီဥပဒေ ကို လူထုအကြား ပိုမိုကျယ် ကျယ်ပြန့်ပြန့်သိလာဖို့ ဘယ်လိုလုပ်ကြလဲ။*

ဖြေ ။ ။ ဥပဒေပြဋ္ဌာန်းချက်တွေကတော့ရှိပါတယ်။ ဥပမာ အားဖြင့် ကော်သူးလေရာဇဝတ်ကျင့်ထုံးဥပဒေထဲမှာ တစ်လင် တစ်မယားစနစ်ကျင့်သုံးမှုတွေကို ပိုမိုကျယ်ကျယ်ပြန့်ပြန့်သိရှိလာ ဖို့အတွက် ပညာပေးရေးတွေ များများလုပ်ပေးဖို့လိုအပ်တယ်။

*မေး ။ ။ တရားမျှတရေး၊ တရားစီရင်ရေး၊ တရားဥပဒေစိုးမိုးရေး ဆိုင်ရာ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖြေရှင်းဖို့အတွက် အမျိုးသမီး ခေါင်းဆောင်မှုနှင့် အမျိုးသမီးပါဝင်မှုအားဖြင့် ဘာတွေကို လုပ်နိုင် တယ်လို့ထင်လဲ။*

ဖြေ ။ ။ ကျွန်မအနေနဲ့ တွေ့ဆုံဆွေးနွေးခြင်းနှင့် ဥပဒေအရ ဝေဖန် ထောက်ပြတာတွေတော့လုပ်တယ်။ အချို့သော စီရင် ဆုံးဖြတ်ချက်တွေက အမျိုးသမီးတွေနစ်နာတာမျိုးဆိုရင် ဥပဒေနဲ့ အညီ ပြန်လည် စိစစ်တယ်။ အခြားသောအမျိုးသမီးခေါင်းဆောင် တွေအနေနဲ့လည်း ဥပဒေကို သိရှိနားလည်ထားဖို့လိုအပ်တယ်။ ထိုနည်းလည်းကောင်းပဲခေါင်းဆောင်အမျိုးသမီးတွေသာမကပဲ အမျိုးသမီးအားလုံး ဥပဒေကိုသိရှိနားလည် ဖို့လဲလိုသေးတယ်။ အဲ လိုတွေသိရှိနားလည်ထားမှပဲ အမျိုးသမီးတွေအတွက် တရားမျှတ မှုက အားကောင်းလာမှာပဲဖြစ်တယ်။

*မေး ။ ။ အကြမ်းဖက်မှုများအား ကာကွယ်တားဆီးခြင်းကို ခေါင်းဆောင်ပိုင်းမှာရှိနေတဲ့အမျိုးသမီးတွေက သူတို့ရဲ့ တာဝန်တစ်ပိုင်းဖြစ်တယ်လို့ ဘယ်လောက် အတိုင်းအတာအထိ ခံယူကြလဲ။*

ဖြေ ။ ။ အမျိုးသမီးတော်တော်များများကတော့ သူတို့ရဲ့ တာဝန်ဖြစ်တယ်လို့ခံယူထားကြတယ်။ အမျိုးသမီးအဖွဲ့အစည်းနဲ့ နီးစပ်မှုမရှိတဲ့ အချို့ခေါင်းဆောင်တွေအတွက်တော့ အားနည်းနေသေးတယ်။

*မေး ။ ။ တရားမျှတရေး၊ ဥပဒေစိုးမိုးရေး၊ လုံခြုံရေး စတဲ့ နယ်ပယ်တွေက အမျိုးသားတွေရဲ့ အလုပ်ဆိုပြီး လူတွေက သတ်မှတ်ကြတာ ဘာကြောင့်လို့ထင်သလဲ။ အခုရော ပြောင်းလဲသွားပြီလား။ ဘယ်အရာ ဘယ်အချက်တွေက ပြောင်းလဲစေတာလဲ။*

ဖြေ ။ ။ တော်တော်များများမြင်တာက အမျိုးသားတွေက ခွန်အားရှိ လို့ဆိုပြီး သတ်မှတ်ထားကြတဲ့အတွက် အဲ့လိုအလုပ်တွေကို အမျိုးသားတွေကပဲ ဦးဆောင်ရမယ်လို့ တော်တော်များများ မြင်ကြတယ်။ တစ်ဖက်မှာတော့အဲ့လိုတွေကို ကြောက်ကြတဲ့သူတွေလဲရှိတယ်ဆိုတာကို သူတို့ထည့်သွင်းစဉ်းစားတာမျိုးမရှိဘူး။ အဲ့လိုအမြင်တွေကတော့ ခုထိပြောင်းလဲမှု မရှိသေးပါဘူး။ အဲ့ဒီလို အမြင်မျိုးတွေကို ပြုပြင်ပြောင်းလဲဖို့ တော်တော်များများကြိုးစားဖို့ လိုအပ်ပါသေးတယ်။

*မေး ။ ။ ကိုဗစ်-၁၉ အခြေအနေနှင့် အာဏာသိမ်းမှုနောက်ပိုင်း အခြေအနေတွေမှာ အမျိုးသမီးတွေ တရားမျှတမှုလက်လှမ်းမီရယူခြင်းအပေါ်မှာ ဘယ်လိုသက်ရောက်မှုရှိနေလဲ။*

ဖြေ ။ ။ ကိုဗစ်-၁၉ နှင့် စစ်အာဏာသိမ်းလို့ သွားရေးလာရေး ခက်တယ်ဆိုတာကို အကြောင်းပြချက် တစ်ခုအနေနဲ့အသုံးပြုလာကြတယ်။ အဲ့ဒါကြောင့် တရားမျှတမှုလက်လှမ်းမီဖို့အတွက်ကတော့ ဆုတ်ယုတ်သွားတယ်လို့ မြင်တယ်။

*မေး ။ ။ KNU တွင် အမျိုးသမီးများ ပါဝင်မှုနှင့် ခေါင်းဆောင်မှု အပေါ် ထင်မြင်ချက်က ဘယ်လိုရှိလဲ။*

ဖြေ ။ ။ ထင်မြင်ချက်ကတော့ကောင်းပါတယ်။ အမျိုးသမီးတွေရဲ့ပါဝင်မှုကို လိုလိုလားလားရှိပေမယ့်လည်း အမျိုးသမီးပါဝင်မှုကတော့ အားနည်းနေသေးတယ်။ အဲ့လိုဖြစ်ရခြင်းကလဲ အခက်အခဲတွေ အမျိုးမျိုးကြောင့်ဖြစ်တယ်။ အဲ့ဒီအခက်အခဲတွေကို တဆင့်ခြင်းဖြေရှင်းပေး သွားမယ်ဆိုရင် ပါလာဖို့ကောင်းပါတယ်။ ဥပမာ အမျိုးသားခေါင်းဆောင်တွေက အစည်းအဝေး တစ်ခုသွားမယ်ဆို ပေါ့ပေါ့ပါးပါးသွားလို့ရပေမယ့်လဲ အမျိုးသမီးခေါင်းဆောင်အနေနဲ့ဆို တချို့က ကလေးငယ်တွေပါလာတာမျိုးတွေရှိနိုင်တယ်။ အဲ့လိုအတွက်လဲ ထည့်သွင်းစဉ်းစားသွားဖို့ လိုအပ်တယ်။

*မေး ။ ။ KNU ၏ခေါင်းဆောင်ပိုင်းများတွင် ဂျန်ဒါတန်းတူညီမျှမှုတိုးတက်လာဖို့ ဘယ်အရာတွေက စလုပ်လို့ရတယ်လို့ မြင်လဲ။*

ဖြေ ။ ။ အမျိုးသမီးအားလုံးကို လွှမ်းခြုံနိုင်တဲ့ မူဝါဒကောင်းကောင်းမွန်မွန်ရှိမယ်ဆိုရင် အမျိုးသမီးတွေအနေနဲ့ မဖြစ်မနေပါဝင်လာမှာပဲဖြစ်တယ်။

*မေး ။ ။ KNU ရဲ့တချို့ကဏ္ဍနဲ့ ဌာနတွေမှာ အမျိုးသမီးများ ပါဝင်မှုနှင့် ခေါင်းဆောင်မှု နည်းပါးရတာ ဘာကြောင့်လို့ ထင်လဲ။*

ဖြေ ။ ။ အမျိုးသမီးတွေကိုအားပေးမှုက အားနည်းနေသေးတာကြောင့်လို့မြင်တယ်။ အဓိကက မူဝါဒမရှိလို့ပဲ ဖြစ်တယ်။

*မေး ။ ။ KNU တွင် မည်သည့်ကဏ္ဍ ဒါမှမဟုတ် ဌာနကို ဂျန်ဒါအားလုံးပါဝင်နိုင်ရေးအတွက် ဦးစားပေး လုပ်ဆောင်ဖို့လိုအပ်သနည်း။*

ဖြေ ။ ။ ပညာရေးဌာနနဲ့ ကျန်းမာရေးဌာနတွေမှာတော့ ဂျန်ဒါတန်းတူညီမျှမှုရှိတယ်။ ကျန်တဲ့ဌာနတွေ အားလုံးကိုတော့ ကျားမတန်းတူပါဝင်နိုင်ရေးကို လှုံ့ဆော်သွားဖို့လိုတယ်။ အဲ့လိုလုပ်ဆောင်သွားဖို့က အဆင့်ဆင့်ခေါင်းဆောင်တွေကလဲ သက်ဆိုင်ရာ ဌာနတွင်းသင်တန်းတွေကို ပိုပြီးလုပ်ဆောင် နိုင်ဖို့လိုပါတယ်။

*မေး ။ ။ အမျိုးသမီးခေါင်းဆောင်မှုအပေါ် သဘောထား၊ အမြင်ပြောင်းလဲပြီး လက်ခံလာဖို့အတွက် အရေးအကြီးဆုံးပထမအဆင့်က ဘာဖြစ်မယ်လို့ အမျိုးသားခေါင်းဆောင်များကို အကြံပေးလိုပါသလဲ။*

ဖြေ ။ ။ ဌာနတွင်းလုပ်ငန်းတွေကို ကျွမ်းကျင်မှုရှိဖို့ သင်တန်းတွေပေးဖို့လိုတယ်။ KNU ရဲ့လမ်းစဉ် လုပ်ငန်းစဉ်တွေကိုလဲ မျိုးဆက်သစ် အမျိုးသမီးတွေကို ကောင်းကောင်းနားလည်သဘောပေါက်အောင် သင်တန်းပေးမှုတွေ လိုအပ်တယ်။ အမျိုးသမီးတွေ ကိုယ်တိုင်ရဲ့ အရည်အချင်းတွေရှိလာမယ်ဆိုရင် အမျိုးသားခေါင်းဆောင်တွေရဲ့ အမြင်တွေပြောင်းလဲလာနိုင်တယ်။

*မေး ။ ။ တရားရေးကဏ္ဍမှာ အမျိုးသမီးခေါင်းဆောင်မှုနှင့် ပတ်သက်ပြီး လူငယ် အမျိုးသမီး၊ အမျိုးသားတွေကို ဘာစကား လက်ဆောင်ပေးချင်သလဲ။*

ဖြေ ။ ။ ကိုယ့်ကရင်အမျိုးသား တိုးတက်ဖို့အတွက် လူငယ်တွေကနေပြီး ဥပဒေကိုများများလေ့လာ စေချင်တယ်။ လူငယ် အမျိုးသမီးဖြစ်ဖြစ် အမျိုးသားဖြစ်ဖြစ်ပေါ့။

*မေး ။ ။ ယောက်ျားကြီးစိုးသော အသက်မွေးဝမ်းကျောင်း လုပ်ငန်း (အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ နိုင်ငံရေး၊ကာကွယ်ရေး...) တစ်ခုသို့ ဝင်ရောက်လာသည့် အမျိုးသမီးများအား မျှဝေလိုသည့် အကြံပြုချက်တွေက ဘာတွေလဲ။*

ဖြေ ။   ။ အတက်ပညာတွေကို ရှာထားပြီးမှ ဝင်ရောက်လာစေချင်တယ်။ အခုလည်း အမျိုးသမီးတော်တော် များများက စွမ်းရည်တွေပြည့်ဝပြီးမှဝင်ရောက်လာကြတာမျိုးတွေ့ရတယ်။

*မေး ။   ။ တရားရေးကဏ္ဍတွေမှာ အမျိုးသမီးခေါင်းဆောင်တွေ ပိုမိုရှိလာဖို့ ဘာတွေလုပ်ဖို့လိုနေသေးတယ်လို့မြင်လဲ။ ဘယ်လိုမျိုးလုပ်သင့်လဲ။ အဲ့ဒါတွေ အကောင်အထည်ဖော်ဖို့ လိုအပ်ချက်တွေက ဘာတွေလဲ။*

ဖြေ ။   ။ စိတ်ပါဝင်စားလာအောင် အရင်ဆုံးလုပ်ဖို့လိုအပ်တယ်။ သူတို့ကို ဝိုင်းဝန်းပံ့ပိုးပေးဖို့နဲ့ မတရားမှုတွေကို ဒီအတိုင်းလက်ပိုက်ကြည့်မနေဖို့ အားပေးရမှာပဲဖြစ်တယ်။ အမျိုးသမီးတွေအနေနဲ့ကလဲ ဥပဒေကို ပိုမိုနားလည်လာဖို့လုပ်ဆောင်ရမှာပဲဖြစ်တယ်။

*မေး ။   ။ အိမ်တွင်းအကြမ်းဖက်မှုနှင့် ကျားမရေးရာ အခြေခံသည် ကရင်လူမှုအသိုက်အဝန်းတွင် ပုံမှန်ဖြစ်နေပုံရသော်လည်း ကရင်အမျိုးသမီးများသည် အကြမ်းဖက်မှုမျိုးစုံကို ကြုံတွေ့နေရဆဲဖြစ်သည်။ ပဋိပက္ခအခြေအနေမှာသာမက ပဋိပက္ခနောက်ပိုင်း အခြေအနေတွေမှာ အမျိုးသမီးတွေအတွက် တရားမျှတမှုရှိအောင် ဘယ်လိုလုပ်ဆောင်သင့်တယ်လို့ မြင်လဲ။*

ဖြေ ။   ။ အသိပညာပေးခြင်းတွေ များများလုပ်သင့်တယ်။ ဥပဒေအတိုင်းဖြေရှင်းဆောင်ရွက်ဖို့ အဆင့်ဆင့် ပံ့ပိုးကူညီမှုလိုအပ်တယ်။ မူးယစ်ဆေးဝါးသုံးစွဲမှုတွေလျော့ကျသွားအောင် များများလှုံ့ဆော် ပေးနိုင်ဖို့က အရေးကြီးတယ်။ အမှုတော်တော်များများက မူးယစ်ဆေးဝါးသုံးစွဲခြင်းရဲ့ အကျိုးဆက်တွေကြောင့် ဖြစ်လာကြတယ်။ အဲ့ဒါကြောင့် မူးယစ်ဆေးဝါးပညာပေးခြင်းတွေလဲ များများလုပ်ဆောင်သွားဖို့လိုအပ်တယ်။

## လုပ်ဆောင်ချက်များ

**၂၀၂၂ ခုနှစ်၊ စက်တင်ဘာလမှ နိုဝင်ဘာလအထိ လုပ်ဆောင်ခဲ့သော လုပ်ငန်းများ**

### အမျိုးသမီးတရားသူကြီးများအား ဥပဒေဆိုင်ရာစွမ်းရည်မြင့်သင်တန်းပေးခြင်း

အမျိုးသမီးတရားသူကြီးများအား ဥပဒေဆိုင်ရာစွမ်းရည်မြင့်သင်တန်းကို ၁၉.၉.၂၀၂၂ မှ ၂၄.၉ ၂၀၂၂ အထိ ပြုလုပ်ခဲ့သည်။ အဆိုပါသင်တန်းတွင် ဒူးသထူခရိုင် မှ (၅)ဦး၊ ဘိတ်-ထားဝယ်ခရိုင်မှ (၃)ဦး၊ မူတြော်ခရိုင်မှ (၅)ဦး၊ ၊ ဒူးပလာယာခရိုင်မှ (၆)ဦးနှင့် ဖားအံခရိုင်မှ (၄)ဦးဖြင့် ခရိုင် (၅)ခရိုင်မှ တရားစီရင်ရေးကော်မတီဝင် အမျိုးသမီးခေါင်းဆောင် (၂၃)ဦးနှင့် လေ့လာသူ (၆) စုစုပေါင်း (၂၉)ဦးအား ပြစ်မှုဆိုင်ရာဥပဒေ၊ တရားမကျင့်ထုံး ဥပဒေနှင့် ကော်သူးလေအထူးအက်ဥပဒေ စသည့်ဥပဒေခေါင်းစဉ်များကို KLAC မှပို့ချပေးခဲ့သည်။

### ကေအဲန်ယူခေါင်းဆောင်များနှင့်ကရင်လူမှုအဖွဲ့အစည်းတို့၏ ဥပဒေဆိုင်ရာဆွေးနွေးညှိနှိုင်းမှုအစည်းအဝေး

ဥပဒေဆိုင်ရာဆွေးနွေးညှိနှိုင်းရေးအစည်းအဝေးကို ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ ၁၇ မှ ၁၈ ရက်နေ့အထိ၊ ဖားအံခရိုင်တွင်စီစဉ်ပြုလုပ်ခဲ့ပြီး အဆိုပါအစည်းအဝေးသို့ ဖိတ်ကြားထားသော ကေအဲန်ယူခေါင်းဆောင်များ ဖြစ်သည့် KNLA၊ ဗဟိုတရားသူကြီးချုပ်၊ သစ်တောဌာန ဌာနမှူး၊ ပြည်ထဲရေးနှင့်သာသနာရေးဌာန ဌာနမှူး၊ စည်းရုံးရေးနှင့်ပြန်ကြားရေးဌာန၊ ဗဟိုကရင်အမျိုးသားရဲတပ်ဖွဲ့ ရဲချုပ်၊ ဖားအံခရိုင်ရဲတပ်ဖွဲ့ ရဲမှူး နှင့် အခြားသော အရပ်ဘက်အဖွဲ့အစည်း များဖြစ်သည့် KWO၊ KSNG၊ KLAC၊ BPHWT၊ KDHW၊ KECD နှင့် KHRG တို့မှ အမျိုးသမီး (၉) ဦး၊ အမျိုးသား (၂၂) ဦး စုစုပေါင်း (၃၁) ဦးတက်ရောက်ခဲ့ကြသည်။

## လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV)

ကရင်လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV) ၏ စွမ်းရည်မြင့်တင်ရေးသင်တန်းကို နိုဝင်ဘာလ ၁၄ ရက်နေ့မှ ၃၀ ရက်နေ့အထိ စီစဉ်ပြုလုပ်ခဲ့သည်။ သင်တန်းသို့ မူတြော်ခရိုင်၊ ဒူးပလာယာခရိုင်နှင့် ဖားအံခရိုင်တို့မှ CLV ကျား ၁၇ ဦး၊ မ ၁၈ ဦး နှင့် လေ့လာသူ ကျား ၁ဦး၊နှင့် မ ၄ဦး စုစုပေါင်း ၄၀ ဦး တက်ရောက်ခဲ့သည်။ သင်တန်းကာလ အတွင်း CLV များသည် ပြစ်မှုဆိုင်ရာ ဥပဒေများ၊ တရားမမှုခင်းဆိုင်ရာဥပဒေများအပြင် ပံ့ပိုးကူညီမှုဆိုင်ရာ အသိပညာနှင့် နည်းလမ်းများကို ဝေမျှဆွေးနွေး သင်ယူခဲ့ကြသည်။

## လှုပ်ရှားမှု ရုပ်ပုံများ



အမျိုးသမီးတရားသူကြီး သင်တန်း



တရားရေး အသိပညာပေး အစီအစဉ်



အရပ်ဘက်အဖွဲ့အစည်းများနှင့် KNUမှ ဌာနဆိုင်ရာ ခေါင်းဆောင်များတွေ့ဆုံခြင်းအစည်းအဝေး



ဥပဒေစွမ်းရည်မြင့် သင်တန်း